
သဉ္ဇာမိုးဦး
ကောင်မလေးတစ်ယောက်ကို
ချစ်မိရင်

## (အပိုင်း - ၁ )

"ကို"

"အင်း ... ပြောလေ နှင်းနု"

နှင်းနုက သူ့ရင်ခွင်ထဲကနေ ခေါင်းမော့ပြီး ချွဲပစ်ပစ်လေသံနှင့် ပြောလာသည်။

"နှင်းနုတို့ တွဲတာ သိပ်မကြာသေးပေမဲ့ ကို့ကို နှင်းနုရဲ့ ဘဝလက်တွဲဖော်လို့ ယုံကြည်နေတယ်။ ကိုရောဟင်"

မျက်ဝန်း အရောင်တောက်တောက်တွေနှင့် ကြည့်ပြီး အဖြေကို စောင့်ဆိုင်းနေသည့် နှင်းနုကို ကြည့်ရင်း ခွန်း မဲ့ပြုံးပြုံးမိသည်။ သူမစကားဘာကို ဆိုလိုချင်သည်ဆိုတာ ခွန်း ရိပ်မိပြီးသားပင် ၊ နှင်းနုမေ ဆိုသည့် မိန်းမလည်း သူ အရင်က တွေ့ဆုံခဲ့ဖူးသော မိန်းမတွေနှင့် ထူးမခြားနားပင်။ နှင်းနု၏ ရည်ရွယ်ချက်က နောက်ဆုံးတော့ သူ့ကို အပိုင်ဖမ်းဖို့ပင်။

သူ ပန်းဥယျာဉ်ထဲကို ကြည့်လိုက်တော့ လူနည်းနည်းသာ ရှိသည်။ ထို့နောက် နှင်းနုကို ရင်ခွင်ထဲမှထုတ်ပြီး အကြည့်ချင်းဆုံကာ ပြောလိုက်သည်။

"ကိုယ် မဖြေခင် နှင်းနု အရင်ဖြေရမယ်။ နှင်း ပြောချင်တာကို နားလည်အောင် သေချာပြော။ ဒါမှ ကို အဖြေပေးနိုင်မှာ"

နှင်းနု၏ စိတ်ထဲ အောင့်သက်သက်ဖြစ်သွားပေမဲ့ အတတ်နိုင်ဆုံး အလုပဆုံးဖြစ်အောင် ဟန်ဆောင်ပြုံးလိုက်သည်။

"ကိုကလည်း ၊ နှင်း ပြောချင်တာ တကယ်မသိဘူးလားလို့"

ခွန်း၏ အကျင့်အတိုင်း မဲ့ပြုံးနှင့် စိုက်ကြည့်နေလိုက်တော့ နှင်းနုက မျက်နှာပျက်ပြီး ဆက်ပြောရှာတော့သည်။

"နှင်း ကိုနဲ့ လက်ထပ်ဖို့ တိုင်ပင်မလို့"

"ဘာ ၊ အဟက် ၊ လက်ထပ်မယ် ဟုတ်လား နှင်းနု။ ဟား ... ဟား ... ဟား ..."

"နှင်းနု ပြောတဲ့စကားမှာ ရယ်စရာပါလို့လား ကို"

"ဟား ... ဟား ..."

ခွန်းသည် ရယ်ချင်နေတာကို မနည်းအရှိန်သတ်လိုက်ပေမဲ့ မျက်နှာကတော့ ပြုံးစိစိနှင့် ...။

"ငါ မင်းကိုတွဲတာ တစ်လကျော်သွားလို့ မင်းက ကိုယ့်ကိုယ်ကိုယ် အထင်ကြီးသွားတာလား နှင်းနု ..."

နှင်းနုသည် သူ့ကို မယုံနိုင်သလို ကြည့်ရင်း နှုတ်ခမ်းကို ဖိကိုက်ထားမိသည်။ နေခွန်းဆိုသူက လှည့်စားတတ်သည့် သူတစ်ယောက်ဆိုတာ သိခဲ့ပေမဲ့ သူနှင့်တွဲသည့် အချိန်အနည်းငယ်အတွင်းမှာ နှင်းနုကို သံယောဇဉ်ရှိနေမယ်လို့ ယုံကြည်ခဲ့မိသည်က နှင်းနုအမှားလား။

"ဘာ ၊ ဒါဆို ကို ဘာလို့ ချစ်တယ်ပြောခဲ့တာလဲ"

"ဟား ... နှင်းနုရယ် ၊ ဒါကို အတည်လို့ မှတ်ယူရလားကွာ။ ငါ တွဲသမျှ မိန်းကလေးတိုင်းကို ချစ်တယ်လို့ ပြောခဲ့ရတာပဲလေ"

"နင် မိုက်ရိုင်းလှချည်လား နေခွန်း ၊ နင် ငါ့ကို နမ်းခဲ့တာတွေကရော ..."

"ကျစ် ၊ မင်းက သနားစရာပဲ ၊ မင်းလည်း ငါနဲ့ မတွေ့ခင်က ရည်းစား အများကြီးထားပြီး ပေးဆပ်ခဲ့သေးတာပဲ။ နည်းနည်းလေးကို စာဖွဲ့နေရ

လား ..."

"ဘာ လူယုတ်မာ ..."

နှင်းနု၏ မျက်နှာက ဒေါသနှင့် နီမြန်းနေပြီး လက်တစ်ဖက်က မြှောက်တက်သွားသည်။ သို့သော် ခွန်း မျက်နှာထက်မရောက်မီ နှင်းနု၏ လက်ကို အားနှင့် ဖမ်းချုပ်ခြင်း ခံလိုက်ရသည်။

"လွှတ်စမ်း ... လူယုတ်မာ ..."

အခေါ်အဝေါ်တွေ ပြောင်းလဲသွားတာကို ကြည့်ပြီး ခွန်း ဟက်ဟက်ပက်ပက် ရယ်မိသည်။ နောက်ဆုံးတော့ စရိုက်အမှန်ပေါ်လာပြီပဲ။

"နှင်းနု မင်း လည်တာလောက်တော့ ငါက သနားတယ်။ မင်းလို မိန်းကလေးမျိုးကို ငါက လက်ထပ်မယ်လို့ ထင်နေလား။ မင်းက ငါ့ရဲ့ အပျင်းပြေ ကစားစရာလောက်ပဲ အဆင့်ရှိတယ်။ ငါ လက်ထပ်မဲ့ မိန်းကလေးက ဖြူစင်ရိုးသားတဲ့သူ။ မင်းလို ကာလာတွေဆိုးပြီး ဟန်ဆောင် မျက်နှာဖုံးတပ်ထားတဲ့သူ မဟုတ်ဘူး ..."

ခွန်းသည် နှင်းနုလက်ကို လွှတ်ပြီး တွန်းချလိုက်တော့ ခုံပေါ်ကျသွားသည်။

"ဒီနေ့ကစပြီး ငါတို့ ဇာတ်လမ်းအဆုံးသတ်ပြီ ... နှင်းနုမေ"

နှင်းနုက နေခွန်းကို ဒေါသတကြီး စိုက်ကြည့်နေပြီး

"နင် သေချာပေါက် ဝဋ်လည်လိမ့်မယ် နေခွန်း။ နင့်လိုကောင်မျိုးက ဖြူစင်ရိုးသားတဲ့ မိန်းကလေးနဲ့ လက်ထပ်မယ်ဟုတ်လား။ နင်နဲ့ တန်ရာတန်ရာပဲ မှန်းသင့်တယ်။ နင် လက်ထပ်မဲ့ မိန်းကလေးကို ငါတော့ သေချာစောင့်ကြည့်နေဦးမှာ ..."

"အဟက် ... ကောင်းပါပြီဗျာ။ မင်း အဲဒီအချိန်ထိ ကောင်းကောင်းမွန်မွန် ရှင်သန်နေစမ်းပါ ... နှင်းနုမေ ... ဘိုင့် ..."

ခွန်း မဲ့ပြုံးနှင့် သူမ ရှေ့မှ ထွက်လာခဲ့သည်။ ရပ်ထားသော ပြိုင်ကားအနီလေးပေါ် တက်ပြီး အိမ်သို့ မောင်းလာခဲ့သည်။ *နေမဟာစံအိမ်* ဆိုသည့် ဆိုင်းဘုတ်ချိတ်ဆွဲထားသည့် ခြံကြီးရှေ့အရောက် ကားထိုးရပ်သွားသည်နှင့် ခြံစောင့်က ချက်ချင်းတံခါးလာဖွင့်သည်။ ခြံအကျယ်ကြီးထဲသို့ ကားမောင်းဝင်လာပြီး အိမ်ကြီးရှေ့သို့ အရောက် ကားပေါ်မှ ဆင်းပြီး အိမ်ထဲဝင်သည်နှင့်။

"ခွန်း သား ခဏလာဦး။ ဘွားဘွား ပြောစရာရှိတယ်"

အဘွား၏ ခေါ်သံကြောင့် လှမ်းကြည့်မိတော့ အစ်ကိုနှင့်အတူ ထိုင်နေတာ တွေ့လိုက်ရသည်။ ခွန်း ခေါင်းညိတ်ပြီး ဆိုဖာဆီသွားကာ ဝင်ထိုင်လိုက်သည်။

"ခုဘယ်က ပြန်လာတာလဲ ခွန်း"

ခွန်းက နှုတ်ဆိတ်နေတော့ ဒေါ်ခင်ထား ဆက်ပြောလေသည်။

"ခွန်း မင်း ဘယ်အချိန်ထိ ဒီလိုနေနေမှာလဲ။ ကျောင်းပြီးတာ လေးနှစ်ရှိပြီ။ ခုထိ အပျော်အပါးမက်ပြီး မိန်းကလေးတွေနဲ့ တတွဲတွဲနဲ့။ မင်းကို ဒီလိုမြင်ရတာ ဘွားဘွား တကယ်စိတ်မကောင်းဘူး။ တမလွန်က မင်းမိဘတွေလည်း ဒါကိုမြင် ..."

ဒေါ်ခင်ထား ဆက်မပြောဘဲ ဝမ်းနည်းဆို့နင့်သွားရသည်။ ခွန်း၏ မျက်နှာလည်း အလိုမကျဟန်နှင့် မှုန်ကုတ်သွားသည်။

"ကျွန်တော် အေးအေးဆေးဆေး နေချင်လို့ပါ"

"မင်းက အေးအေးဆေးဆေးနေတာ မဟုတ်ဘူး ခွန်း။ ကိုယ့်ကိုယ်ကိုယ်

ဖျက်ဆီးပြီး နေချင်သလို နေနေတာ။ မင်းကို ဒီလို ဆက်လွှတ်မထားနိုင်တော့ဘူး။ မင်းကို လက်ထပ်ဖို့ စီစဉ်ပေးရမယ်။ ဒါမှ တည်တည်ငြိမ်ငြိမ် ဖြစ်သွားမှာ"

"ဟာ ... မဟုတ်တာ။ ဘွားဘွားရာ ... ကျွန်တော် ဘယ်သူနဲ့မှ လက်မထပ်နိုင်ဘူး"

"မင်းမှာ လက်ထပ်ဖို့ ရည်ရွယ်ထားတဲ့သူမှ မရှိတာပဲ ခွန်း။ ဒီတော့ ဘွားဘွားစီစဉ်တာ လက်ခံပါ။ ဒီလိုမှ မဟုတ်ရင် မင်း သုံးဖို့ တစ်ပြားတစ်ချက်မှ ရမယ်မထင်နဲ့"

ဒေါ်ခင်ထားက ယတိပြတ်ပြောဆိုပြီး ထွက်သွားတော့ ခွန်း အလိုမကျစွာ တောက်ခေါက်မိသည်။ နောက်ပြီး စကားတစ်ခွန်းမှ ဝင်မပြောဘဲ ငြိမ်သက်နေသည့် အစ်ကိုဖြစ်သူ နေသူရကို ကြည့်ပြီး ပြောမိသည်။

"အစ်ကို ဘာလို့ တစ်ခွန်းတောင် ဝင်မပြောရတာလဲ။ ကျွန်တော် ဘွားဘွား စီစဉ်ပေးတဲ့သူနဲ့ လက်မထပ်နိုင်ဘူး"

"ခွန်း ... ဘွားဘွားရဲ့ စိတ်ကို မင်းလည်း သိနေတာပဲ။ ဆုံးဖြတ်ပြီးပြီဆို ပြင်မှာမဟုတ်ဘူး"

"အစ်ကို ကျွန်တော့်ကို ကူညီပါဗျာ။ ဘွားဘွားကို ကူပြောပေးပါ။ ကျွန်တော် လက်မထပ်နိုင်ဘူး"

"မင်း ဘွားဘွား စီစဉ်တဲ့သူနဲ့ လက်မထပ်ချင်ရင် မင်း လက်ထပ်မဲ့ မိန်းကလေးကို ခေါ်လာခဲ့ပေါ့။ အစ်ကိုလည်း ဒီအကြံပဲ ပေးနိုင်မယ် ခွန်း"

"ကျွန်တော့်မှာ မရှိလို့ပေါ့ဗျာ ..."

"ဘယ်လို ... ဟား ... ခွန်းရာ။ မင်းမှာ ရည်းစား ဒီလောက်များတာကွာ"

"အဲဒီမိန်းကလေးတွေက ကျွန်တော့်မိန်းမဖြစ်ဖို့ အရည်အချင်းမရှိဘူး"

"ဘယ်လို ၊ မင်း မိန်းမဖြစ်မဲ့သူမှာ ရှိရမဲ့ အရည်အချင်းလေး အစ်ကို့ကို မပြောပြချင်ဘူးလား ငါ့ညီ။ အစ်ကိုလည်း သိထားရင် နောင်တစ်ချိန် အသုံးဝင်လာမှာပေါ့"

နေခွန်းက အစ်ကိုဖြစ်သူစကားကြောင့် ပြုံးလိုက်မိသည်။ ထို့နောက် သူ့စိတ်ကူးထဲမှ မိန်းကလေးပုံစံမျိုးကို ပုံဖော်ပြီး ပြောသည်။

"ကျွန်တော် လက်ထပ်မဲ့ မိန်းကလေးက ရိုးသားဖြူစင်ပြီး သိမ်မွေ့ရမယ်။ ငွေမမက်ရဘူး။ အထူးသဖြင့် ရည်းစားတစ်ခါမှ မထားဖူးတဲ့သူဖြစ်ရမယ်"

"ဟား..ဟား ... ခွန်းရာ ... မင်းက တကယ့်ကောင်ပဲ။ ကိုယ်တိုင်ကျ ရည်းစားတွေ မှိုလိုပေါက်အောင်ထားပြီး ကိုယ်လက်ထပ်မဲ့သူကျ ရည်းစား မထားဖူးရဘူးတဲ့လား ... ဟား ... ဟား ..."

"တော်တော့ဗျာ ... ရယ်မနေနဲ့တော့ ... အစ်ကိုရာ။ ယောကျ်ားကောင်း မောင်းမတစ်ထောင်တဲ့ ကျွန်တော် ဘယ်လို ပွေရှုပ်ရှုပ်ကိစ္စမရှိဘူး။ မိန်းကလေးဘက်ကတော့ ဒီလိုမျိုးဖြစ်တာကို လက်မခံနိုင်ဘူး။ ကျွန်တော့်လိုလူကို လက်ထပ်မဲ့မိန်းကလေးက ဒီလောက်တော့ အရည်အချင်းရှိရမယ် မဟုတ်လား။ ကျွန်တော်က တစ်ချိန်မှာ ဘွားဘွားရဲ့ အမွေအားလုံးကို ပိုင်ဆိုင်ရမဲ့သူပဲလေ"

နေသူရ၏မျက်နှာ ကွက်ခနဲပျက်သွားပေမဲ့ ခဏသာ။ ထို့နောက် ပြန်ပြုံးလာသည်။

"ဟုတ်တာပေါ့ ... ခွန်းရဲ့ မင်း ဒီလောက်တော့ စံနှုန်းထားသင့်တာပေါ့ ... ဟား.. ဟား ..."

***************

"ဟင့် ... ဟင့် ... အဟင့်"

"ဟန်လေး ... သမီး ဘာလို့ငိုနေတာလဲ။ သွားခါနီးကိုး"

ဟန် ငိုနေရာမှ မေမေ့ကိုကြည့်ရင်း ...

"မေမေ ... ဟန် မသွားတော့လို့ မရဘူးလားဟင်။ မေမေတို့နဲ့ မခွဲနိုင်လို့ပါ နော်"

"တိတ်စမ်း ... ဟန်နေခြည်။ ညည်းကို မေမေပို့တာ ဘာကြောင့်လဲဆိုတာ မမေ့စမ်းနဲ့။ ညည်း ပညာရေးအတွက်လေ။ မေမေက တမင်ပို့ချင်လို့မှ မဟုတ်တာ"

"ဟင့် ... မေ..မေ ... ဟင့် ..."

ဟန် ဘာမှဆက်မပြောနိုင်ပဲ ငိုနေမိသည်။ ဖေဖေ ဆုံးပြီးကတည်းက မေမေနှင့် ဒေါ်လေးပဲ ဟန့်ကို စောင့်ရှောက်လာခဲ့တာပါ။ ခုလည်း ဟန် တက္ကသိုလ်တက်ဖို့ဆိုကာ မေမေ့ အသိအိမ်ကို လွှတ်လိုက်သည်။ ဟန် မေမေနှင့် မခွဲဖူးတာကြောင့် မျက်ရည်တွေ ထိန်းမနိုင်သိမ်းမနိုင် ကျနေရသည်။

"ငိုတာတိတ်ပြီး ကားပေါ်မြန်မြန်တက်တော့ ... ဟန်လေး။ မေမေ စိတ်ဆိုးမိတော့မယ်"

"ဟုတ်ပါတယ် ... ဟန်လေးရယ် ၊ ကားပေါ်မြန်မြန်တက်တော့။ ကျောင်းပိတ်ရက်တွေ ပြန်လာတွေ့လို့ရတာပဲကိုး"

ဟန်သည် ဒေါ်လေးနှင့် မေမေ့ကို စူပုတ်ပုတ်နှင့် ကြည့်မိသည်။

"ပြီးရော ... သွားတော့မယ်။ နောက်မှ ဟန့်ကို လွမ်းလှပါချည်ရဲ့ဆိုပြီး ငိုမနေနဲ့"

ဟန်က အဝတ်အိတ်ကို ဒေါ်လေးလက်ထဲမှ ဆွဲယူလိုက်ပြီး ကားပေါ်တက်ဖို့ ပြင်လိုက်သည်။

"သမီး"

ဟန်သည် မေမေ့အသံကြောင့် ပြန်ကြည့်မိသည်။

"ဟိုမှာ အားလုံးနဲ့ အဆင်ပြေအောင်နေနော်။ သမီးကို ကားဂိတ်မှာ လာကြိုလိမ့်မယ်။ နည်းနည်း နောက်ကျနေရင်တောင် ဘယ်မှမသွားဘဲ စောင့်နေဦး။ လွဲကုန်ဦးမယ်"

ဟန် ခေါင်းညိတ်ပြီး ...

"ဟုတ်ကဲ့ပါ ၊ ဟန် သိပါတယ်။ မေမေနဲ့ ဒေါ်လေး ဟန် သွားတော့မယ် ..."

"အေး ... သမီးလေး ..."

ဟန် ကားပေါ်ရောက်ပြီး မကြာခင် ကားထွက်တော့သည်။ ကားပေါ်မှ မေမေနှင့် ဒေါ်လေး ပုံရိပ်ပျောက်သွားသည်ထိ လှည့်ကြည့်နေခဲ့မိသည်။ မမြင်ရတော့မှ ခုံမှာ ပြန်ထိုင်ရင်း ငိုနေမိသည်။ ထို့နောက် မျက်ရည်တွေကို သုတ်ပြီး အားတင်းပြုံးလိုက်သည်။

*****

"ခွန်း မင်းကို ပြောထားတယ်လေ။ ဒီနေ့ ညေ့်သည်ကို ကားဂိတ်မှာ သွားကြိုရမယ်လို့"

"ဘွားဘွားကလည်းဗျာ ... ဒါရိုင်ဘာတစ်ယောက် လွှတ်ပေးလည်း ရတာပဲ။ ကျွန်တော်ကိုယ်တိုင် သွားစရာလိုလို့လားဗျာ"

"လိုလို့ပြောနေတာပေါ့ ... ခွန်း။ သွားတော့ နောက်ကျနေမယ်။ မြန်မြန်သွားကြို။ ဘွားဘွားရဲ့ သမီးလို ချစ်ခဲ့ရတဲ့ မိန်းကလေးရဲ့ သမီးဆိုတော့ ဘွားဘွားရဲ့မြေးအရင်းလိုပဲ။ ကောင်းကောင်းမွန်မွန် ခေါ်လာခဲ့"

ခွန်း မကျေမနပ်ဖြစ်ပေမဲ့ နောက်ဆုံးမှာ ဘွားဘွား၏ အမိန့်ကို မလွန်ဆန်

နိုင် သွားကြိုဖို့ ပြင်ရတော့သည်။

ခေါင်းစွပ်အနက်နှင့် ဂျင်းဘောင်းဘီကို ဝတ်ဆင်ပြီး အိမ်မှထွက်ခဲ့သည်။ ဘွားဘွားပြောသည့် မိန်းကလေးကို ကားဂိတ်မှာ လိုက်ရှာတော့ မတွေ့ ၊ ခွန်း မကျေမနပ် ကျိန်ဆဲရင်း ထိုမိန်းကလေးကို လိုက်ရှာကြည့်နေတုန်း။

ဘုန်း

အနောက်မှ ရုတ်တရက် ခေါင်းကိုလက်နှင့် အရိုက်ခံလိုက်ရတာကြောင့် နာကျင်သွားရသည်။ ဒေါသတကြီး လှည့်ကြည့်တော့ မိန်းကလေးတစ်ယောက်က သူ့ကို စူးစူးရဲရဲ ကြည့်နေသည်။ ထို့ပြင် သူ့အင်္ကျီစကိုပါ ခပ်တင်းတင်း ဆုပ်ကိုင်ထားသည်။

"မိပြီ သူခိုး ၊ ထွက်ပြေးချင်သေးလား။ ရဲစခန်းပို့ပစ်ရမယ်"

ခွန်းသည် ကောင်မလေးကို သတ်ပစ်ချင်သည့် အကြည့်နှင့် ကြည့်မိသည်။ ဆံပင်က ခပ်တိုတို ၊ တီရှပ်အနက်ရောင်နှင့် ဒူးအုပ်ရုံ ဂျင်းဘောင်းဘီတို ဝတ်ဆင်ထားသည်။ ရုပ်ရည်က သနားကမားပေမဲ့ အမူအရာက ဂျစ်ကန်ကန်နှင့်။ သူခိုးက လူပြန်ဟစ်တယ်ဆိုတာ ဒါပဲနေမည်။

သူ့အင်္ကျီစကို ဆုပ်ကိုင်ထားသည့် ကောင်မလေး၏ လက်တွေကို ဖမ်းချုပ်လိုက်ပြီး ...။

"မင်းက ဘာလဲ။ ကိုယ့်ကို ရိုက်ပြီး သူခိုးလို့ စွပ်စွဲတယ်။ ဒါ အခုခေတ် သူခိုးတွေရဲ့ နည်းလမ်းအသစ်လား။ ကိုယ့်ကို အရှုးလုပ်ချင်တယ် ဆိုရင်တော့ မင်း လူမှားနေပြီနော် ... ချာတိတ်"

*******

( အပိုင်း - ၂ )

ဟန် ကားဂိတ်ရောက်သော် လာကြိုမည့်သူကို စောင့်နေပေမဲ့မတွေ့၊ ဟန့်ထက် အသက်ကြီးသည့် အစ်ကိုတစ်ယောက် လာကြိုမည်ဟု ပြောထားသည်။ တွေ့ရင် မမေဟန်သီ၏သမီး ဟန်နေခြည်ဟု ပြောဖို့ မေမေက မှာထားသည်။ ဒါပေမဲ့ အရိပ်အယောင်မတွေ့ ၊ စိတ်ထဲ အလိုမကျစွာ တောက်ခေါက်ရင်း အဝတ်အိတ်ကို ဘေးမှာ ခဏချလိုက်သည်။ ထို့နောက် ဘောင်းဘီအိတ်ထဲမှာ လိပ်စာရေးထားသည့် စာရွက်ကို ထုတ်ယူလိုက်သည်။

တကယ်လို့ လာမကြိုလျှင် ဟန်ကိုယ်တိုင်ပဲ လိပ်စာအတိုင်း ကားငှားပြီးသာ သွားလိုက်တော့မည်။

"တွေ့ပြီ ..."

စာရွက်ခေါက်လေးကို ဖြန့်ပြီးကြည့်နေတုန်း။

ဝှစ် ...

ရုတ်တရက် ဘယ်က ရောက်လာမှန်းမသိသည့် လူတစ်ယောက်က ဟန့်၏ အဝတ်အစားအိတ်ကို ဆွဲပြေးတာကြောင့် ရုတ်တရက်မို့ ကြောင်အသွားရသည်။ ထို့နောက် သတိဝင်ပြီး အိတ်လုပြေးသူနောက် လိုက်တော့သည်။

အင်္ကျီအနက် ခေါင်းစွပ်ထားပြီး ဂျင်းဘောင်းဘီဝတ်ထားသည့် သူခိုးကို ဟန် အော်ဟစ်ပြီး ပြေးလိုက်ပေမဲ့ လည်လွန်းသည့် သူခိုးဖြစ်သူက ကား

ကြားထဲကနေ တိုးဝှေ့ရင်း ထွက်ပြေးတာကြောင့် နောက်ဆုံးတော့ မျက်ခြည်ပြတ်သွားရတော့သည်။

"တောက် သူခိုးစုတ် သူခိုးပျက် ငါတော့သွားပါပြီ။ ပိုက်ဆံတွေရော ၊ အဝတ်အစားတွေရော တစ်ခုမကျန် ကုန်ပါပြီ"

ဟန် စိတ်ပျက်လက်ပျက်နှင့် ညည်းညူနေမိသည်။ နောက်ဆုံး ကားဂိတ်ကို ပြန်လာပြီး လာကြိုမည့်သူကိုသာ စောင့်တော့မည်ဟု ဆုံးဖြတ်ပြီးအလာ တွေ့လိုက်ရသူက ခုန သူခိုး။

"ဘယ်လို သူခိုးပါလိမ့်။ အရှက်မရှိ ပြန်လာရဲသေးတယ် သေပြီသာမှတ်"

ဟန် ကြိမ်းဝါးရင်း မျက်နှာကိုမဲ့ပြီး ပြေးသွားကာ အနားရောက်တော့ ခုန်ပြီး သူခိုး၏ ဦးခေါင်းကို အားနှင့်ရိုက်ချပစ်လိုက်သည်။

ဘုန်း ...

"မိပြီ ... သူခိုး ... ပြေးချင်သေးလား။ ရဲစခန်းပို့ပစ်ရမယ်"

ဟန် ပြောရင်းနှင့် သူခိုးကို ထွက်မပြေးနိုင်အောင် အင်္ကျီကိုပါ မိမိရရ ဆွဲကိုင်ထားလိုက်သည်။ ဟန့်ကို ပြန်လှည့်ကြည့်လာသည့် သူခိုးကို မြင် လိုက်ချိန် ...

*သူခိုးက ချောလှချည်လား။ ရုပ်ရည်နဲ့မှ မလိုက်လိုက်တာ ... *

ဟန် စိတ်ထဲ ရေရွတ်မိသည်။ ထို့ပြင် သူခိုးက ဟန့်လက်တွေကို ပြန် ချုပ်ကိုင်ပြီး ပြောလိုက်သည့် စကားတွေကြောင့် ဟန် တစ်ယောက် မျက်လုံးပြူးသွားရသည်။

"မင်းက ဘာလဲ။ ကိုယ့်ကို ရိုက်ပြီး သူခိုးလို့ စွပ်စွဲတယ်။ ဒါ အခုခေတ် သူခိုးတွေရဲ့ နည်းလမ်းအသစ်လား။ ကိုယ့်ကို အရူးလုပ်ချင်တယ် ဆိုရင် တော့ မင်း လူမှားနေပြီနော် ... ချာတိတ်"

"ဘာ ... ခင်ဗျားကများ။ ဘယ်မှာလဲ ကျွန်တော့်အိတ်။ ဘယ်မှာဝှက်ထားလဲ ပြော"

"ဟော့ ... မင်း ဘာတွေ အရူးထနေတာလဲ ..."

ဟန်သည် သူခိုးကိုမိတာတောင် ပြန်ပြီး အဟောက်ခံနေရတာကြောင့် စိတ်တိုတိုနှင့်။

"သူခိုးဗျို့ ... ဒီမှာ သူခိုးမိထားလို့ပါ ..."

"ဟော့ မင်း ပါးစပ်ပိတ်ထားစမ်း ..."

ခွန်းသည် ထိုချာတိတ်မ၏ ပါးစပ်ကို ပိတ်လိုက်ပေမဲ့ နောက်ကျသွားခဲ့လေပြီ။ ချာတိတ်၏ အသံပြဲပြဲက အနီးအနားက လူတွေကို စုရုံးလာစေသည်။

"ဟော့ ဘာဖြစ်တာလဲ ကလေးမ"

လူကြီးလေးယောက်နှင့် မိန်းမတချို့ ရောက်လာချိန်မှာ ဟန်က သနားစရာ မျက်နှာလုပ်ရင်း ...။

"ဟန်ရဲ့ အိတ်ကိုလေ ... ဒီလူ ခိုးသွားတယ် အဟင့် ဟင့်"

ခွန်း အံကြိတ်ပြီး ချာတိတ်ကို မီးဝင်းဝင်းတောက်နေသည့် မျက်လုံးနှင့် စိုက်ကြည့်လိုက်သည်။

"ကြည့်ပါလား ... ဟန့်ကို သတ်တော့မလို ကြည့်နေတယ် အဟင့် ..."

ဟန် မထွက်နိုင်သည့် မျက်ရည်လေးကို ညှစ်ပြီး ထုတ်ရင်း တိုင်တန်းလိုက်သည်။

"စိတ်မပူနဲ့ ကလေးမ။ ဦးတို့ ဒီသူခိုးကို ရဲစခန်းပို့ပေးမယ် ..."

"ဘာ"

ခွန်း ဒေါသတို့ ဆူပွက်လာရသည်။ သည်နေ့ သွားကြိုရမည့် ညှော့သည် အမြင်မကြည်အောင် တမင် ဝတ်ဆင်လာသည့် ဂျစ်ပစီဒီဇိုင်းက သူခိုးတစ်ယောက်လို့ အထင်လွဲစေဖို့တဲ့လား။ ခုတော့ ရဲစခန်းရောက်ရမည့်အဖြစ် ရောက်ချေပြီ။

*****

"မင်း တစ်ယောက်တည်းလား ... ကြံရာပါနဲ့ မဟုတ်လား။ အထုပ်ကို ဘယ်မှာသွားထားလဲ ..."

ရဲစခန်းမှာ ရဲတွေ စစ်မေးခြင်းခံနေရတာကြောင့် ခွန်း စိတ်တိုမိသည်။ ဒါတွေအားလုံး သည်ချာတိတ်ကြောင့်ပင်။ ချာတိတ်ကတော့ ဘေးကနေ အမြင်ကတ်စရာကောင်းသည့် မျက်နှာပေးနှင့် လာကြည့်နေသေးသည်။

"ကျွန်တော် သူခိုးမဟုတ်ပါဘူးလို့ ဘယ်နှခါပြောရမလဲ။ ဒီကောင်မလေး လူလိမ်။ သူ ကျွန်တော့်ကို တမင်စွပ်စွဲပြီး လျော်ကြေးရအောင် လုပ်နေတာ ခင်ဗျားတို့ သိရဲ့လား ..."

"ဘာပြောတယ်။ ဒီလူကြီးတော့ ခင်ဗျား ရိုင်းလှချည်လား။ ခင်ဗျား ဟန့် အထုပ်ကို လုပြေးသွားပြီး အရှက်မရှိ ပြောင်လိမ်ချင်လို့ရမလား ..."

"မင်း"

ခွန်း စကားပင် ဆက်မပြောနိုင်အောင် ဒေါသတို့နှင့် ဆို့နင့်သွားသည်။

"ကျွန်တော့်ဖုန်း ကားထဲမှာ ကျန်ခဲ့လို့ ဖုန်းဆက်လို့ ရမလား။ ကျွန်တော့် ရှေ့နေကို ခေါ်မလို့ပါ ..."

"သူခိုးက ရှေ့နေခေါ်မယ်တဲ့လား ..."

ဟန် နှာခေါင်းရှုံ့ပြီး ပြောလိုက်သည်။

ခွန်းသည် ထိုကောင်မလေးကို အမှုန့်ခြေပစ်ချင်မိသည်။ ရဲတွေက

မယုံသင်္ကာနှင့် နောက်ဆုံးမှ ဖုန်းဆက်ခွင့်ပေးတော့သည်။

ခွန်းတို့ မိသားစုရှေ့နေကို ဖုန်းဆက်ပြီး ခေါ်လိုက်သည်။

"ဒါနဲ့ ကလေးမ မင်း ဘယ်ကလာတာလဲ ..."

ရဲဦးလေးကြီး မေးတော့ ဟန် ဖြေလိုက်သည်။

"ဟန်က မကွေးမြို့က လာတာပါ ... ရန်ကုန်က မေမေ့အသိအိမ်မှာ ကျောင်းလာတက်တာပါ ... ကားဂိတ်မှာ ကြိုတဲ့ကားစောင့်ရင်း ဒီလူက ဟန့် အထုပ်ကို လုပြေးသွားတာပါ ..."

ခွန်းသည် ချာတိတ်၏ စကားတွေကိုကြားတော့ ကျွန်တော်သွားကြိုရမည့် ညှဲ့သည်က သူမများ ဖြစ်နေမလား ... မိမိစိတ်ထဲ ဇဝေဇဝါဖြစ်မိသည်။

ခဏအကြာ ...

"အမလေး ... မြေးလေး ... ခွန်း ... ဘယ်လိုဖြစ်လို့ ရဲစခန်းကို ရောက်ရတာလဲကွယ် ..."

ဆူညံညံအသံနှင့်အတူ အဘွားတစ်ယောက်နှင့် လူလတ်ပိုင်း ယောကျ်ား တစ်ယောက် ဝင်လာလေသည်။

"ဟမ် ... ဒါ သူဌေးမကြီး ဒေါ်ခင်ထား မဟုတ်လား ၊ ရွှေအဆင်း ရိုးရာ အဝတ်အထည် ကုမ္ပဏီကြီးရဲ့ ပိုင်ရှင်မဟုတ်လား ..."

ရဲတွေ တီးတိုးပြောနေတော့ ဟန် အာရုံစိုက်နားထောင်ရင်း မေးလိုက်သည်။

"ဘယ်သူလဲဟင် ..."

ဟန် မနေနိုင်စွာ ဘေးက ရဲဦးလေးတစ်ယောက်ကို မေးလိုက်သည်။

"ဒေါ်ခင်ထားဆိုတာ ရိုးရိုးရက်ကန်းစင်လေးကနေ စတင်လာခဲ့တာ။ အခု ဆိုရင် တစ်ကမ္ဘာလုံးကို ရိုးရာအဝတ်အထည်တွေ ဖြန့်ချိနိုင်တဲ့အထိ

နာမည်ကြီးနေပြီလေ။ မြန်မာနိုင်ငံက top ten စာရင်းထဲမှာပါတဲ့ သူဌေးမကြီးပဲ ..."

"ဟင်"

*ဒါမေမေ ပြောတဲ့ အဘွားခင်ထားဆိုတာလား ... ဒါဆို ... *

"အဘွားမြေးက ဘာဖြစ်လို့ ရဲစခန်းကို ရောက်နေရတာလဲကွယ်"

ခွန်း မျက်နှာရှုံ့မဲ့ပြီး အရှေ့က ရဲမှူးကို မေးငေါ့ပြလိုက်သည်။

ရဲမှူးခဗျာ ပြာပြာသလဲနှင့် ...

"ဒီလိုပါ ... ဒီက မိန်းကလေးရဲ့ အိတ်အလုခံရတယ်ဆိုပြီး အထင်မှားပြီး ရောက်လာတာပါဗျာ"

"မဖြစ်နိုင်တာကွယ် ... ကျွန်မရဲ့ မြေးလေးက ဒီလိုလုပ်မှာမဟုတ်ပါဘူးကွယ် ..."

"ဟုတ်ကဲ့ပါဗျာ ... တစ်ခုခု အထင်လွဲတာရှိမှာပါ ... ဒီက မိန်းကလေးကို သေချာပြန်မေးကြည့်တာပေါ့ ..."

ဟန် သည် မိမိ အမှတ်မှားသွားလား စိတ်ထဲ နည်းနည်း သံသယဝင်လာသည်။ ခိုးသွားသည် သူ၏ မျက်နှာကိုတော့ သေချာမမြင်ခဲ့တာကြောင့် ပို စိုးရိမ်မိသည်။

"ကျွန်တော် သူခိုးမဟုတ်ဘူးဆိုတာ သက်သေပြပြီးရင် ဒီမိန်းကလေးကို သေချာပေါက် ထောင်ထဲပို့ပစ်ရမယ်။ အသေရေဖျက်မှုနဲ့ ရှေ့နေဦးထွန်း သေချာစစ်ဆေးပေးပါ ..."

"ဟုတ်ကဲ့ပါ ... မောင်နေခွန်း"

ခွန်း မျက်နှာပျက်နေသည့် ကောင်မလေးကို စေ့စေ့ကြည့်ရင်း ပြောလိုက်သည်။

"သေချာပါတယ် ... ဟန်တွေ့တာ ... ဒီအဝတ်အစားနဲ့ အထုပ်လုပြေးသွားတာ ဒီလူဆိုတာ ..."

ဒေါ်ခင်ထားသည် ကောင်မလေးရှေ့ကို သွားရပ်ပြီး အကဲခတ်ကြည့်မိသည်။ အသက်ငယ်ငယ်နှင့် ချစ်စရာကောင်းပြီး ရိုးသားပုံပင်၊ လိမ်ညာဟန်ဆောင်နေတာမျိုးလည်း မဖြစ်နိုင် ၊ ထူးဆန်းတာက ဒီကလေးမလေးကို ရင်းနှီးနေသလိုပင်။

"သမီးက ဘယ်လိုပျောက်သွားတာလဲ ... အဘွားကို သေချာပြောပြပါလား ..."

"ဟို သမီးက ရန်ကုန်မှာ ကျောင်းတက်ဖို့ လာတာပါ ... လာကြိုမဲ့သူကို စောင့်ရင်း အထုပ်လုပြေးတာ ခံလိုက်ရတာ ..."

"သမီးနာမည်က ..."

ဒေါ်ခင်ထားသည် စိတ်ထဲ တွေးမိသလိုရှိတာမို့ သေချာမေးလိုက်သည်။

"ဟန်နေခြည်ပါ ဘွားဘွား"

"သမီးအမေက မေဟန်သီလား"

"ဟုတ် ... ဘွားဘွား။ ဘယ် ... လို ... သိ ... ဒါဆို ဘွားဘွားက မေမေပြောတဲ့ အဘွားခင်ထားလားဟင်"

"ဟုတ်တာပေါ့ ... သမီးလေးရယ်။ တိုက်ဆိုင်လိုက်တာကွယ်"

ဒေါ်ခင်ထားက ဟန်နေခြည်လေးကို ဖက်လိုက်သည်။

ရဲအရာရှိတွေလည်း ယခုမှပင် သက်ပြင်းချပြီး ပြုံးနိုင်တော့သည်။ မပြုံးနိုင်သည့် သူတစ်ယောက်ကတော့ ခွန်းပင်။

သူ့ကို သူခိုးလို့ စွပ်စွဲသည့် သည်ကောင်မလေးကို ဘယ်လိုမှ မကျေနပ်နိုင် ၊ စိတ်ထဲ တေးထားလိုက်သည်။

**************

"သမီး ထိုင်လေ ..."

ခမ်းနားကြီးကျယ်သည့် အိမ်ကြီးက ဟန့်ကို သိမ်ငယ်စေပြီး ကျွန်းနှင့်လုပ်ထားသည့် ဆိုဖာပေါ်မှာ ဟန် မဝံ့မရဲထိုင်လိုက်သည်။

"သမီး အမေရော နေကောင်းရဲ့လားကွယ်။ သူ လက်ထပ်ပြီးကတည်းက မတွေ့တော့တာ သမီးလေးတစ်သက်ရှိနေပြီပဲ"

"ဟုတ် ... ဘွားဘွား။ မေမေ နေကောင်းပါတယ်။ ဘွားဘွားကိုလည်း သတိရတယ်လို့ စကားပါးလိုက်ပါတယ်"

"ဘွားဘွားလည်း သူ့ကို သတိရပါတယ်ကွယ်။ သမီးက မေဟန်သီရဲ့ သမီးလေးဆိုတော့ အဘွားရဲ့ မြေးလေးလိုပါပဲ။သမီးလေး ပျော်အောင်နေနော်"

"ဟုတ် ... ဘွားဘွား"

"မြေး ... ခွန်း ..."

"ဗျာ"

"ဟန်နေခြည်လေးကို ခွန်းက စောင့်ရှောက်ပေးလိုက်ဦး"

ခွန်း၏ မျက်နှာမဲ့သွားရသည်။

"ကျွန်တော့်ကို ဒီကောင်မလေး သူခိုးလို့ စွပ်စွဲခဲ့တာ ကျေနပ်တာမဟုတ်ဘူး ..."

"ဟိုလေ ... ဦးလေးကြီးကို ဟန် တောင်းပန်ပါတယ်နော်"

"ဘာဦးလေးကြီး ဟုတ်လား။ ငါ့အသက် အခုမှ နှစ်ဆယ့်ငါးပဲ ရှိသေးတယ်။ မင်း အသက်ဘယ်လောက်လဲ ပြောစမ်း"

"ဆယ့်ခုနှစ်"

ခွန်း မျက်နှာရှုံ့မဲ့ပြီး ငြိမ်သွားတော့သည်။ ဒါကို မြင်တော့ ဒေါ်ခင်ထားပြုံးမိသည် ။

"သမီး ခွန်းကို ကိုကိုလို့ပဲ ခေါ်ပါကွယ်။ အသက်သိပ်ကွာတာမှ မဟုတ်ပဲ။

ခွန်း မြေးဖြစ်ခဲ့တာတွေ မေ့ပြီး ညီမလေးလို သဘောထားပြီး ဆက်ဆံပါကွယ်"

ဟန်က မျက်လုံးလေး ကလယ်ကလယ်နှင့် သနားစရာပုံဖမ်းကာ ပြောသည်။

"ကိုကို ဟန့်ကို ခွင့်လွှတ်ပါနော်။ လူမှားသွားတာပါ ... အဟီး ... နော် ... ကိုကို ..."

ချာတိတ်၏ စပ်ဖြဲဖြဲ မျက်နှာကို ကုတ်ဖဲ့ချင်လောက်အောင် အမြင်ကတ်မိပါတော့သည်။ စတွေ့ဆုံသည့်နေ့မှာပဲ ဟန်နေခြည်ဆိုသော ကောင်မလေးဟာ သိပ်ကို မုန်းစရာ ကောင်းလွန်းခဲ့ပါသည်။

******